ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သတင်းလွှာ

အတွဲ (၅) အမှတ် (၃) ၂၀၂၆ ခုနှစ်၊ ဇူလိုင်(၃၁)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားခြင်းမှ ကောက်နှုတ်ချက်

"အိမ်သာလျှင်ဧည့်လာမည်"ဟူသည့်အတိုင်း မိမိတို့ဒေသသာယာလှပရေး၊ ဒေသ၏ ရိုးရာအမွေအနှစ်များ၊ ရိုးရာအဝတ်အစားနှင့် အစားအသောက်များကောင်းမွန်စေရေး၊ ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့ကို အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းခရီးသွားများဝင်ရောက်ခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုစေနိုင်မည်ဖြစ်သဖြင့်ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက်ဆောင်ရွက်သွားကြစေလိုကြောင်း၊"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြားခြင်းမှကောက်နှုတ်ချက်

"ပြင်ဦးလွင်မြို့သို့ လာရောက်သည့် ခရီးသွားများလာချင့်စဖွယ်ဖြစ်စေရေးဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့်ဒေသထွက်သီးနှံများထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ရောင်းချပြီး ခရီးသွားများကိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာ ဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ ဂုဏ်သတင်းကို မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း"

MOFA | MMRS v.2 Printed by MYANMAR EMBASSY, SEOUL 20/10/2026 18:15:17

မာတိကာ

❖ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားခြင်းမှ ကောက်နှုတ်ချက်	၁
❖ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတက်ရောက် အမှာစကားပြောကြားခြင်းမှ ကောက်နှုတ်ချက်	၁
❖ ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်	၂
❖ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် - ၂၀၂၆ ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်	၂
❖ ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့တက်ရောက်	၂-၄
❖ ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ	၄
❖ ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းရေကန်များ ပြုပြင်ထိန်းသိမ်းထားမှု ကြည့်ရှုစစ်ဆေး	၄-၅
❖ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် နေပြည်တော်ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ Solar စွမ်းအင်တပ်ဆင်အသုံးပြုနိုင်ရေးအသိပညာပေးဆွေးနွေးပွဲနှင့်အရောင်းပြသခြင်း အခမ်းအနားသို့တက်ရောက်	၅
❖ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-3 သင်တန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်	၅
❖ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် Airlines & Tourism Industry Forum အခမ်းအနားသို့တက်ရောက် အဖွင့်အမှာ စကားပြောကြား	၅-၆
❖ ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များအားတွေ့ဆုံ	၆
❖ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ဝန်ထမ်းများနှင့် တွေ့ဆုံ	၆
❖ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမျိုးသားပြတိုက် (နေပြည်တော်) အားကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်ကြီး အားလက်ခံတွေ့ဆုံ	၆-၇
❖ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးအားလက်ခံတွေ့ဆုံ	၇-၈
❖ ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် တွေ့ဆုံ	၈
❖ ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်မန္တလေးဒေသရှိရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများအား ကွင်းဆင်းစစ်ဆေး	၈-၉
❖ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ	၉
❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး (၆) ကြွမ်မြောက် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဖိုရမ်သို့တက်ရောက်	၉-၁၀
❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြင်ဦးလွင်မြို့ရှိ နိုင်ငံပိုင်ဟိုတယ်များနှင့်စစ်ကိုင်းမြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများ ကွင်းဆင်းကြည့်ရှု	၁၀
❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြင်ဦးလွင်မြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများ ကွင်းဆင်းကြည့်ရှုပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ	၁၀
❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မန္တလေးမြို့ရှိနိုင်ငံပိုင်ဟိုတယ်များ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး	၁၀-၁၁
❖ အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ကျော် ထိုင်းခရီးသွားပြပွဲ-၂၀၂၆ (Thailand Travel Mart Plus – 2026) သို့ ပါဝင်တက်ရောက်	၁၁
❖ ညွှန်ကြားရေးမှူးချုပ်ဦးအောင်အေးဟန်မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးအမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည့် အခမ်းအနားတက်ရောက်	၁၁
❖ လုပ်ငန်းလိုင်စင် (၄) မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊တည်းခိုရိပ်သာများ ဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ	၁၁-၁၂
❖ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ	၁၂-၁၃
❖ ခရီးသွားမြှင့်တင်ရေးအတွက်ဆောင်ရွက်လျက်ရှိသောအစီအစဉ်များ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း	၁၃
❖ ရန်ကုန်တိုင်းဒေသကြီး	၁၃-၁၅
❖ မန္တလေးတိုင်းဒေသကြီး	၁၅
❖ မကွေးတိုင်းဒေသကြီး	၁၅-၁၆
❖ ရှမ်းပြည်နယ်	၁၆
❖ ဧရာဝတီတိုင်းဒေသကြီး	၁၆

ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်

ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Kunming Vocational University of Science and Technology တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်သော တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲကို ဇွန်လ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ဖူးကျင့်နိုင်ငံတကာဘာသာစကား သင်တန်းကျောင်းမှ ဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ Kunming Vocational University of Science and Technology မှ ဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့် ပါမောက္ခ၊ ဆရာ၊ဆရာမများ၊ တရုတ်နိုင်ငံမှ သင်တန်းနည်းပြများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး Kunming Vocational University of Science and Technology မှ ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် ဖူးကျင့် နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းမှ ဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီးတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်သင်တန်းများ ဖွင့်လှစ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယခုဖွင့်လှစ်သည့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းကို နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဇွန်လ ၂၉ ရက်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၂၀ဦး တက်ရောက်ကြကာ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် အလားတူ သင်တန်းများကို ရန်ကုန်၊ တောင်ကြီး၊ ပြင်ဦးလွင်နှင့် ငွေဆောင်စသည့် ခရီးစဉ်ဒေသများတွင် လာမည့်ဧရိယာ အတွင်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် -၂၀၂၆ ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်

မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Pan Pacific ဟိုတယ်၌ကျင်းပရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. HUOT Hak၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံများမှ ခရီးသွားလုပ်ငန်းအာဏာပိုင် အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှတာဝန်ရှိသူများ၊ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ကြပါသည်။



ဖိုရမ်ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖိုရမ်သည် မူဝါဒရေးရာ ဆွေးနွေးမှုများသာမက ဒေသခံပြည်သူလူထုကို ဗဟိုပြု၍ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ကောင်းကျိုးများ မည်သို့မျှဝေဖန်တီးနိုင် သည်ဆိုသောလက်တွေ့ကျသည့် ကွင်းဆင်းဆောင်ရွက်မှုများ၊ စျေးကွက်ရှာဖွေရေးနှင့်ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကြံဉာဏ်ကောင်းများကိုမျှဝေဖလှယ်နိုင်မည့် အဖိုးတန်ဆက်သွယ်မှု ကွန်ယက်တစ်ခုဖြစ်ကြောင်း၊ ထို့အပြင် မဟာမဲခေါင်ဒေသခွဲအစားအစာပြပွဲကိုလည်းထည့်သွင်းကျင်းပနိုင်ခဲ့သဖြင့် အစားအသောက်ယဉ်ကျေးမှုမှတစ်ဆင့် မိမိတို့ဒေသတွင်းနိုင်ငံများမှ ပြည်သူလူထု၊ ခရီးစဉ်ဒေသများနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ နောက်ခံသမိုင်းကြောင်းများကို ဖော်ထုတ်ပေးနိုင်မည့်အပြင် နယ်စပ်ဖြတ်ကျော်ယဉ်ကျေးမှု ဖလှယ်မှုများကိုလည်း ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အမှုဆောင်ဒါရိုက်တာတို့က အမှာစကားပြောကြားကြပြီး ဖိုရမ်ဆွေးနွေးမှုတွင် မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းသား၊ကျောင်းသူများ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်

မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် - ၂၀၂၆နှင့် ဆက်စပ်အစည်းအဝေးများကို မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် "Tourism for People, Travel with Purpose" ဟူသော ဦးတည်ချက်ဖြင့် ဇွန် ၁၄ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ Pan Pacific ဟိုတယ်၌ လက်ခံကျင်းပလျက်ရှိသည်။

ဇွန် ၁၆ ရက်နေ့မွန်းလွဲပိုင်းတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် -၂၀၂၆ သို့တက်ရောက်လာသည့် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. HUOT HAK အား အလုပ်သဘော နေ့လယ်စာ

ဖြင့် တည်ခင်းဧည့်ခံပြီး ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက်မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးတို့တက်ရောက်၍ အမှာစကား ပြောကြားကြပြီး မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် မြန်မာ-ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းမြှင့်တင်ရေး Roadshow သို့ တက်ရောက်အမှာစကားပြောကြားကြပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း ရိုက်ကူးထားသည့် Visit Cambodia Video နှင့်မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသများအကြောင်း ရိုက်ကူးထားသည့် Myanmar Beauty Video တို့ကိုပြသကာ ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှတာဝန်ရှိသူများကကမ္ဘောဒီးယားနိုင်ငံခရီးသွားလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအခြေအနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ကမ္ဘောဒီးယားနိုင်ငံခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ Pan Pacific ဟိုတယ်၌ ကျင်းပလျက်ရှိသည့် မဟာမဲခေါင်ဒေသခွဲအစားအစာပြပွဲကို လှည့်လည် ကြည့်ရှုအားပေးသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆ နှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ရန်ကုန်မြို့ Lotte Hotel ၌ ကြိုဆိုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ရှေးဟောင်းသုတေသန နှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၅ ရက်နေ့မွန်းလွဲပိုင်းက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပြခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI) အဖွဲ့မှ ပညာရှင်များ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် မီးငြိမ်းကုန်းဂူဘုရား၊ မဟာဗောဓိဂူဘုရားနှင့် နတ်လျောင်းကျောင်းကိုလည်းကောင်း၊ နိုင်ငံပိုင်ပုဂံသံတဲဟိုတယ်နှင့် တရုတ်-မြန်မာချစ်ကြည်ရေး ပြန်လည်ပြုပြင် ထိန်းသိမ်းရေး စီမံကိန်းဆောင်ရွက်နေသည့် သဗ္ဗညုဂူဘုရားကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငကျွဲနားဌောင်းဘုရား အုတ်မြစ်တူးဖော်သုတေသနလုပ်ငန်းခွင်ကိုကြည့်ရှုစစ်ဆေးပြီး သုတေသနပြုလုပ်ငန်းများကို စနစ်တကျအရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန်မှာကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းရေကန်များ ပြုပြင်ထိန်းသိမ်းထားမှု ကြည့်ရှုစစ်ဆေး

ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇွန် ၅ရက်နေ့ နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ရွှေစည်းခုံစေတီတော် ကိုဖူးမြော်ကြည်ညိုပြီး ရွှေစည်းခုံစေတီတော် တောင်ဘက်စောင်းတန်း (မေတ္တာစောင်းတန်း)၊ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ဘုရင့်နောင် မင်းတရားကြီး လှူဒါန်းထားသည့်ခေါင်းလောင်းနှင့် ကျန်စစ်သားမင်းအတ္ထုပ္ပတ္တိ မွန်ကျောက်စာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ်ဈေးဆိုင်များ စနစ်တကျနေရာချထားရန်၊ ပြုပြင်ထိန်းသိမ်းမှုများကို ရှေးမူမပျက်ဆောင်ရွက်ရန်၊ ကျန်စစ်သားမင်းအတ္ထုပ္ပတ္တိ မွန်ကျောက်စာကို မြန်မာဘာသာဖြင့်အနက်အဓိပ္ပာယ်ပြန်ဆိုမှုများကိုပါပြသသွားရန်မှာကြားသည်။

ထို့နောက် ရွာဟောင်းကြီး ရေကန်တူးဖော်ထားမှု၊ Buddhist Complex တူးဖော်ဆောင်ရွက်ခဲ့မှု၊ ရွှေနန်းရင်တော်ကန်-၁ ရေကန်ဆယ်ယူထိန်းသိမ်းထားမှု၊ ဓမ္မရံကြီးဂူဘုရားနှင့် စူဌာမဏိဂူဘုရား ပြုပြင်ထိန်းသိမ်းထားမှု၊ ဖိုးသူတော်ကန်နှင့် ညောင်လက်ဖက်ကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေးဟောင်းအဆောက်အအုံများနှင့်ဝန်းကျင်တွင် ရေကြီး၊ ရေလျှံ၊ ရေဝပ်မှုများမဖြစ်စေရေး ကြိုတင်စစ်ဆေးဆောင်ရွက်ရန်၊ ဓမ္မရံကြီးနှင့် စူဋ္ဌာမဏိဂူဘုရားများ၏ တံတိုင်းအတွင်းတွင် ရေမဝပ်အောင် ရေးဟောင်းရေထွက်ပေါက်များမှရေထွက်နိုင်ရေးစစ်ဆေးဆောင်ရွက်ရန်၊ ဘုရားများ၏အပေါ်ပေါင်းမိုးများမှ အုတ်အချို့ဆွေးမြည့်နေမှုနှင့်အက်ကြောင်းများ အစားထိုးဖာထေးပြုပြင်ထိန်းသိမ်းရန်၊ ရေးဟောင်းဘုရားများနှင့်ပတ်သက်၍ ပြည်သူများနှင့်ပြည်ပခရီးသွားများလေ့လာနိုင်ရန် ရှင်းလင်းချက်ဘုတ်များ၊ လမ်းညွှန်ဆိုင်းဘုတ်များ ဖြည့်စွက်ပြုပြင်ထားရန် မှာကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် နေပြည်တော်ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ Solar စွမ်းအင်တပ်ဆင်အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲနှင့်အရောင်းပြသခြင်း အခမ်းအနားသို့တက်ရောက်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ၌ Solar စွမ်းအင်တပ်ဆင်အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် အရောင်းပြသခြင်းအခမ်းအနားကို မေလ ၂၆ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားသို့ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ Solar ကုမ္ပဏီများနှင့် ဘဏ်များမှ ကိုယ်စားလှယ်များနှင့် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များ တက်ရောက်ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Solar စနစ်ကို အသုံးပြုခြင်းအားဖြင့် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများသည် မိမိတို့၏စွမ်းအင်အသုံးစရိတ်များကိုရေရှည်တွင်လျှော့ချနိုင်မည်ဖြစ်သလို စွမ်းအင်လုံလောက်မှုကိုလည်း တိုးတက်စေနိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် Green Tourism ဖော်ဆောင်ရာတွင်လည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေစွမ်းအင်ကုမ္ပဏီက နေရောင်ခြည်သုံးSolar စွမ်းအင်တပ်ဆင်အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များနှင့်မြန်မာ့ခရီးသွားဘဏ်ကSolarစွမ်းအင်တပ်ဆင်အသုံးပြုနိုင်ရေးချေးငွေဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်းအသီးသီးရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် Solar စွမ်းအင်တပ်ဆင် အသုံးပြုနိုင်ရေး ခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-3 သင်တန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ဖွင့်လှစ်သော တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK - 3 သင်တန်းများ ဖွင့်ပွဲကို မေလ ၁၉ ရက်နေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အမှာစကားပြောကြားရာ၌တရုတ်ဘာသာစကားသင်တန်းဖွင့်လှစ်ခဲ့ခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၃) ကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ကာ အွန်လိုင်းနှင့် In Person စနစ်နှစ်မျိုးဖြင့် ထိရောက်စွာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ယခင်အကြိမ်များထက် ထူးခြားချက်အနေဖြင့် ယခုသင်တန်းတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင် (Tourist Police) များပါ တက်ရောက်ကြခြင်းကြောင့် သင်တန်းဖွင့်လှစ်ရခြင်းသည်ပိုမိုအနှစ်သာရရှိပြီးကောင်းမွန်လေးနက်သည့်အသွင်သဏ္ဌာန်ကို ဆောင်ကြဉ်းပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက်ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီး ဒေါက်တာစက်တီက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လက်ရှိသင်တန်း ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေများ၊ သင်တန်းဆက်လက်ဖွင့်လှစ်ပို့ချဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် တရုတ်ဘာသာစကားသင်တန်းများတွင် HSK-1 သင်တန်းအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင် ငါးဦးအပါအဝင် သင်တန်းသား ၇၃ ဦးနှင့် HSK-3 သင်တန်းအတွက် သင်တန်းသား ၂၂ ဦး စုစုပေါင်း သင်တန်းသား ၉၅ ဦး ပါဝင်တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တစပတ် ကြာမြင့်မည်ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် Airlines & Tourism Industry Forum အခမ်းအနားသို့တက်ရောက် အဖွင့်အမှာစကားပြောကြား

လေကြောင်းလိုင်းများနှင့် ခရီးသွားကဏ္ဍဖိုရမ် Airlines & Tourism Industry Forum ကို မေ ၁၀ ရက်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မဂ်လာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်က လေကြောင်းကဏ္ဍနှင့်ခရီးသွားကဏ္ဍသည်

အပြန်အလှန်အကျိုးပြုနေသဖြင့် လေကြောင်းလိုင်းများနှင့်ခရီးသွားလုပ်ငန်းနှစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် မြန်မာ့ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် နိုင်ငံတကာလေကြောင်းလိုင်းများ၏ အခန်းကဏ္ဍ၊ ပြည်တွင်းလေကြောင်း၏ ရှေ့လုပ်ငန်းစဉ်ခေါင်းစဉ်များဖြင့် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များအား တွေ့ဆုံ

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မေလ ၉ရက်နေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့အင်းလျားလိတ် ဟိုတယ်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြား၍ တက်ရောက်လာသူများက ပြည်ပနိုင်ငံများမှ ခရီးသွားဈေးကွက်ရရှိရေးအတွက် ဈေးကွက်မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနနှင့် ဖက်စပ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အင်းလျားလိတ် ဟိုတယ်၊ Hotel G နှင့် The Strand ဟိုတယ်တို့သို့ ကြည့်ရှုစစ်ဆေးပြီး အဆင့်အတန်းမီသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးနိုင်ရေးမှာကြားသည်။

ညနေပိုင်းတွင် “Yangon Heritage Night Run 2026” ၁၅ ကီလိုမီတာ ညအပြေးပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ၅ ကီလိုမီတာပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးကာ ပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဝန်ထမ်းများနှင့် တွေ့ဆုံ

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မေ ၈ ရက်နေ့မွန်းလွဲပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စွယ်တော်ဆောင် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိက၊ media ကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကမ္ဘာကသိရှိအောင်ပိုင်းဝန်းကြိုးစားဖော်ထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တက္ကသိုလ်၏ မှတ်တမ်းရုပ်ရှင်ဗီဒီယိုကို ကြည့်ရှု အားပေးကြသည်။

ယင်းနောက် သရဖီဆောင် အနုပညာခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အနုသုခုမပညာရပ်များကို ထိန်းသိမ်းပြီး မျိုးဆက်သစ်များကို လက်ဆင့်ကမ်း ဖြန့်ဝေသင်ကြားပေးနိုင်ရေးမှာကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမျိုးသားပြတိုက်(နေပြည်တော်)အား ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ မေ ၇ ရက်နေ့နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(နေပြည်တော်) သို့လာရောက်၍

အမျိုးသားပြတိုက်(နေပြည်တော်)၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာအမျိုးသားပြတိုက်တာဝန်ခံကလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပြတိုက်ခန်းမများ၊ပြသပစ္စည်းများပြင်ဆင်မှုကိုအရှိန်မြှင့်တင်ကာတိုးချဲ့ဖွင့်လှစ်သွားနိုင်ရေးဆောင်ရွက်ရန်၊သီဟာသနပလ္လင်ပြခန်းကိုအမြန်ဆုံးပြန်လည်ဖွင့်လှစ်သွားရန်၊ လာရောက်ကြည့်ရှုသူဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန်နှင့် အမျိုးသားပြတိုက် (နေပြည်တော်) ကိုအများပြည်သူပိုမိုသိရှိလာကြစေရန် ပြခန်းတစ်ခုချင်းစီအလိုက် ပြသပစ္စည်းများကို မီဒီယာများမှ တစ်ဆင့်တင်ဆက်ပြသနိုင်ရေး ဆောင်ရွက်သွားရန်၊ ကျောင်းသား လူငယ်များမှအစ မြန်မာပြည်သူလူထုအနေဖြင့် တစ်ဆက်တစ်စပ်တည်းသောမြန်မာ့သမိုင်းစဉ်ကို သိရှိကြစေရန်အတွက် ပရိုင်းမိတ်များ မြန်မာ့မြေပေါ်တွင် စတင်ဖြစ်ပေါ်လာသည်မှစ၍ခေတ်အဆက်ဆက်ယဉ်ကျေးမှုများ တိုးတက်ထွန်းကားလာကြောင်းကိုပညာပေးခြင်းဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာကြစေရေး ဆောင်ရွက်သွားရန်နှင့် အမျိုးသားပြတိုက် (နေပြည်တော်) ကို နေပြည်တော်ကောင်စီနယ်မြေ၏ ခရီးသွားများလေ့လာလည်ပတ်စရာနေရာတစ်ခုအဖြစ် ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၎င်းစုဆောင်းထားရှိသည့် ဧရာဝတီကျောက်လွှာထုမှတွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းအား အမျိုးသားပြတိုက်တွင်ပြသနိုင်ရေးလျှပ်ဒါန်းရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြတိုက်တာဝန်ခံတို့မှ လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြတိုက်တွင် ဖွင့်လှစ်ပြသထားသည့် ပြခန်းများ၊ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့်အဆောက်အအုံပိုင်းဆိုင်ရာများပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုများကို စစ်ဆေးကာလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၃ ၊ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင်နှစ်နိုင်ငံအကြားခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ မြန်မာနိုင်ငံမှ ပုဂံမြို့နှင့်ပါကစ္စတန်နိုင်ငံမှတက္ကသီလာမြို့ (Taxila) တို့အား ညီအစ်မမြို့တော် (Sister City) အဖြစ် ထူထောင်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားဘာသာရေးအခြေခံ ခရီးသွားလုပ်ငန်းများနှင့် ဘာသာရေးဆိုင်ရာခရီးစဉ်များ အပြန်အလှန်စီစဉ်ဆောင်ရွက်နိုင်ရေး၊ ခရီးသွားလုပ်ငန်းအပြင် အထည်အလိပ်လုပ်ငန်းများနှင့်အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားပြည်သူများ အပြန်အလှန်သွားလာလည်ပတ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံရှိ ခရီးသွားဆွဲဆောင်ရာ နေရာများကို မီဒီယာများမှတစ်ဆင့် မြှင့်တင်ကြော်ငြာပေးသွားနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးအား လက်ခံတွေ့ဆုံ

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ဧပြီ ၂၈ ရက်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ရုံးအမှတ်(၃၃)၊ရှိ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာပါအချက်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များတွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ နှစ်နိုင်ငံအပြန်အလှန် ခရီးသွားလာမှု တိုးမြှင့်ရေးနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရပ်တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီးဌာနခွဲများမှဘာသာရပ်တာဝန်ခံများကမိမိတို့ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လက်ရှိဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးကလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိက ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြရေး၊နိုင်ငံ့ဝန်ထမ်းများပီသစွာပြည်သူလူထုနှင့်တိုင်းပြည် အကျိုးဘက်ညီမျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ ခေတ်ကာလနှင့်အညီ နည်းပညာများကို ပေါင်းစပ်အသုံးပြု၍ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် အလေးထားဆောင်ရွက်သွားကြရေး၊ ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာရေးအတွက် ရည်မှန်းချက်ထား မျှော်မှန်းဆောင်ရွက်ကြရေး၊ မြန်မာနိုင်ငံ၏

ပကတိအခြေအနေမှန်အား နိုင်ငံတကာမှသိရှိအောင်မြင့်တင်ကြိုးစားဆောင်ရွက်ကြရေး၊ခရီးသွားလုပ်ငန်းဆိုင်ရာပညာရပ်များတိုးတက်ထွန်းကားစေ၍အလုပ်အကိုင်အခွင့်အလမ်းနှင့်လူသားအရင်းအမြစ်များပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရေးတို့ကိုတိုက်တွန်းမှာကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့်တွေ့ဆုံ

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများစနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုအဆင့်အတန်းများ မြင့်မားလာစေရေးနှင့် နေပြည်တော်ရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးတို့အတွက် ရည်ရွယ်၍ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဧပြီလ ၂၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၏ ကျောက်စိမ်းခန်းမ၌ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံပါသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်သော ဦးလှဆွေ၊ ဦးဝင်းဌေး၊ ဦးခင်မောင်ဌေး၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်)ဥက္ကဋ္ဌနှင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များ၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်တာဝန်ရှိသူများ ပါဝင်တက်ရောက်ပါသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာရေးအတွက် မြန်မာနိုင်ငံအား ကမ္ဘာကသိရှိသော ခရီးစဉ်ဒေသကြီး တစ်ခုဖြစ်စေရန် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ခရီးသွားဈေးကွက်ဝင် နိုင်ငံများအပြင် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊နိုင်ငံတော်အစိုးရအနေဖြင့်ဝန်ကြီးဌာနအားယဉ်ကျေးမှုကိုအခြေခံပြီးခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်သွားနိုင်ရန်ရည်ရွယ်၍ ဖွဲ့စည်းပေးခဲ့သည့်အတွက် ပဂ္ဂလိက အသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကျေးဇူးအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြစေလိုပါကြောင်း၊ နေပြည်တော်တွင် ဘုရားဖူးခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကဲ့သို့သောမတူကွဲပြားသည့်ခရီးသွားလုပ်ငန်းအမျိုးအစားများကို ဖော်ဆောင်ပြီး ခရီးသွားများကိုဆွဲဆောင်နိုင်ရေးကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အချက်အချာကျသော မြို့ကြီးဖြစ်သကဲ့သို့ သွားလာရေးလွယ်ကူမှုရှိသည့် ခရီးစဉ်ဒေသကြီးဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းအမျိုးအစားများ ဖော်ဆောင်ရန် အားသာချက်များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသကြီးများ၏ ပကတိအခြေအနေမှန်များကို ကမ္ဘာကသိအောင် အစိုးရ၊ ပဂ္ဂလိက၊ ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ဟိုတယ်များအနေဖြင့်နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်အတန်းမီဝန်ဆောင်မှုများပေးနိုင်ရေး၊ သန့်ရှင်းသာယာလှပရေး၊ အစိမ်းရောင်ဟိုတယ်များဖြစ်စေရန်နှင့်ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်အောင် အစဉ်တစိုက်ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားကုမ္ပဏီများအနေဖြင့် နေပြည်တော်ရှိ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများအား ခရီးစဉ်များတွင် ထည့်သွင်းရောင်းချသွားကြရန်နှင့် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များ၊ လိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် မန္တလေးဒေသရှိရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများအား ကွင်းဆင်းစစ်ဆေး



ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၄ ရက်နေ့နံနက်ပိုင်းက ငလျင်ကြောင့် မန္တလေးဒေသရှိ အရိပ်မထွက်ဘုရား၊ ဘုရားနီဘုရား၊ မဟာမင်းထင်သစ်သားဘုန်းကြီးကျောင်း၊ မဟာစန္ဒာမုနိဘုရားနှင့် မဟာမုနိ ဘုရားကြီးတို့ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အရိပ်မထွက်ဘုရား ထိခိုက်ပျက်စီးမှုနှင့် အလှူရှင်များ လှူဒါန်းမှုအရ ပြုပြင်နေမှုကို သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြုပြင်ရာတွင် မူလလက်ရာမပျက်ပြုပြင်သွားရန်၊ ပြုပြင်ရာတွင် ပြန်လည်အသုံးပြုနိုင်သည့် ရှေးအုတ်များကို ပြန်လည်အသုံးပြုသွားရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အင်းဝခေတ်ဦးပိုင်းကတည်းက တည်ထားခဲ့သော ဘုရားနီဘုရားကိုသွားရောက် စစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ဘုရားကြီးအား ပြုပြင်ရာတွင် ရှေးမူမပျက်ပြုပြင်ရန်နှင့် မူလနှစ်ထပ်ဘုရားဖြစ်ကြောင်း ပေါ်လွင်စေရန်အတွက် ပြုပြင်သည့်အခါတွင် နှစ်ထပ်စေတီများအတွက် ပြုပြင်သည့်အတိုင်း

တစ်ပါတည်းဆောင်ရွက်သွားရန်၊ အတွင်းနှစ်ထပ်စေတီအတွက် ချန်လှပ်ခဲ့ရာတွင် မိုးရေစိမ့်ဝင်ခြင်းမရှိအောင် ဂရုပြုဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် မဟာမင်းထင် သစ်သားဘုန်းတော်ကြီးကျောင်းအား မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ ညှိနှိုင်းစီစဉ်မှု၊ ဂျပန်နိုင်ငံဘက်မှ လှူဒါန်းငွေတို့ဖြင့် ပြုပြင်နေမှု အခြေအနေကိုလည်းကောင်း၊ ဘိုးတော်ဗဒုံမင်း အေဒီ-၁၇၈၄ တွင်တည်ခဲ့သော မဟာစန္ဒာမုနိဘုရားခေါင်းလောင်း အထက်ပိုင်းနှင့် ပစ္စယံဆင့်များ ပြိုကျပျက်စီးမှုနှင့် အလှူရှင် လှူဒါန်းမှုဖြင့် မူလပုံသဏ္ဌာန်မပျက် ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ မဟာမုနိဘုရားရှိ ထိခိုက်ပျက်စီးခဲ့သည့် အာရုံခံတန်ဆောင်း၊ မုခ်ဦးများ၊ ဂန္ဓကုဋိတိုက်များ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့်အတူ မန္တလေးမြို့ရှိ Y Mandalay Hotel ၌ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးကခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးတို့ကို တစ်ပြိုင်တည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည့်အတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ခရီးသွားများကို မိမိတို့ဒေသခံရိုးရာဓလေ့များ၊ ရိုးရာအနုပညာရပ်များ၊ သမိုင်းဝင်နေရာများနှင့် ပိုမိုထိရောက်စွာမိတ်ဆက်ပေးနိုင်မည့်အပြင် ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းမှ တစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေကိုလည်း တိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု သမိုင်းအမွေအနှစ်များ စုံလင်စွာ တည်ရှိနေသည့် မြို့တစ်မြို့ဖြစ်ပြီး ယဉ်ကျေးမှုအခြေခံ ခရီးသွားလုပ်ငန်း (Cultural Tourism) ဖော်ဆောင်ရန် အထူးကောင်းမွန်သည့် ခရီးစဉ်ဒေသကြီး တစ်ခုဖြစ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ အားလုံးသည် အကျိုးရှိထိရောက်စွာ အသုံးချပြီး မြန်မာနိုင်ငံကို သွားလာလည်ပတ်စရာကောင်းမွန်သည့် ခရီးစဉ်ဒေသကြီး တစ်ခုအဖြစ် ကမ္ဘာကသိအောင် Promotion and Marketing ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းမြို့များမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များက အသင်းအဖွဲ့အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ငလျင်ဒဏ်ခံ ဟိုတယ်များ လိုအပ်သည့် ထောက်ပံ့ကြေးငွေ ရရှိရေးနှင့်လျှပ်စစ်မီးရရှိရေး၊ စက်သုံးဆီရရှိရေး ကြုံတွေ့နေရသည့် အခက်အခဲများကိုရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အဆုံးအဖြတ်ကိစ္စရပ်များကို နိုင်ငံတော်အစိုးရသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနပိုင် ၄ားရမ်းဟိုတယ်ဖြစ်သည့် Mandalay Swan Hotel ကိုလည်းကောင်း၊ ထွန်းလှဟိုတယ်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ဧပြီ ၂၁ ရက်နေ့တွင် ရုံးအမှတ် (၃၃) နှင့် ရုံးအမှတ် (၃၅) တို့၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက်ပေါင်း (၁၀၀) အတွင်းကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ယဉ်ကျေးမှုကိုအခြေခံပြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ပေါင်းစပ်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံကို လုံခြုံစိတ်ချစွာ သွားလာလည်ပတ်ချင်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် ကမ္ဘာကသိအောင် ဝိုင်းဝန်းမြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှုကို မြှင့်တင်ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် မတူကွဲပြားသော ခရီးသွားလုပ်ငန်းများ၊ ခရီးစဉ်ဒေသ အသစ်များကို တီထွင်ဆန်းသစ်မှု၊ တွေးခေါ်ကြံဆမှုများဖြင့် ပေါင်းစပ်၍ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ဆွဲဆောင်နိုင်ရေး ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ယဉ်ကျေးမှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး (၆) ကြိမ်မြောက် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ VDNH Exhibition Centre ၌ ၂၀၂၆ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် (၆) ကြိမ်မြောက် နိုင်ငံတကာခရီးသွားလုပ်ငန်းဖိုရမ်သို့ ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှု

ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ဦးဆောင်သောမြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်ခဲ့သည်။

ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် (ဖ) ကြိမ်မြောက် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထို့နောက်ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဒီမစ်ထရီချယ် နေရှန်ကိုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာမက်ဆင်ရီ ရှတ်နီကိုဗ် တို့က သဘာပတိများအဖြစ်ဆောင်ရွက်သော ဖိုရမ်မျက်နှာစုံညီ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ဇွန် ၁၁ ရက်တွင် ခရီးသွားလုပ်ငန်း၏ နိုင်ငံအပေါ်အရေးပါမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတွင် မဟာဗျူဟာအလားအလာများအား လေ့လာဖော်ထုတ်ခြင်းဆွေးနွေးပွဲသို့ တရုတ်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ တန်ဇနီးနီးယားနိုင်ငံ၊ နီကာရာဂွာနိုင်ငံနှင့်အီရန်နိုင်ငံတို့မှ ခရီးသွားလာရေး ဝန်ကြီးများနှင့်အတူ တက်ရောက်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရီးသွားပွဲတော်ရှိရှုရှားနိုင်ငံနှင့်နိုင်ငံတကာမှခရီးသွားဆွဲဆောင်မှုဆိုင်ရာ ပြခန်းများကိုကြည့်ရှုလေ့လာပြီးခရီးသွားပွဲတော်သို့ လာရောက် လည်ပတ်သည့် ရုရှားနိုင်ငံသားများနှင့် တိုက်ရိုက်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအခြေအနေများနှင့်အဓိကခရီးစဉ်ဒေသများတွင် ဘေးကင်းလုံခြုံစွာ သွားလာလည်ပတ်နိုင်မှုအခြေအနေများကိုရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြင်ဦးလွင်မြို့ရှိ နိုင်ငံပိုင်ဟိုတယ်များနှင့် စစ်ကိုင်းမြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများ ကွင်းဆင်းကြည့်ရှု

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဇွန် ၁ ရက်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ နိုင်ငံပိုင် ဟိုတယ်များ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မန္တလေးလျင်ကြီးကြောင့် အဆောက်အအုံထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေသည့် စစ်ကိုင်းမြို့ စစ်ကိုင်း - မုံရွာကားလမ်းမကြီးဘေးတွင် ဖွင့်လှစ်ထားသောခရီးသွားသတင်းအချက်အလက်ကောင်တာ (Tourist Information Counter)၊ စစ်ကိုင်းမြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများဖြစ်သည့် စစ်ကိုင်းတောင်၊ ဆွမ်းဦးပုညရှင်ဘုရား၊ ရုပ်စုံကျောင်း၊ ကနောင်မင်းသားကြီး သံချက်ဖိုနှင့်အစေခံခံတပ်၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသော စစ်ကိုင်းမြို့ရှိ Happy Hotel ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် Hotel Sagaing ၌ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်း (စစ်ကိုင်းဇုန်) မှတာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုရိပ်သာ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြင်ဦးလွင်မြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများ ကွင်းဆင်းကြည့်ရှုပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ

ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဇွန်လ ၂ရက်နေ့ နံနက်ပိုင်းက ခရီးသွားဆွဲဆောင်ရာ အထင်ကရနေရာတစ်ခုဖြစ်သည့် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့်ရထားခရီးစဉ်ဖြင့် ဂုတ်ထိပ်တံတားအားလှည့်လည်ကြည့်ရှုသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ပြင်ဦးလွင်မြို့၌ ရှိနှင့်ပြီးသောခရီးစဉ်ဒေသများနှင့်ခရီးသွားဆွဲဆောင်ရာ နေရာများအပြင် အသစ်ဖော်ထုတ်နိုင်သော ခရီးစဉ်ဒေသများကိုဖော်ထုတ်မြှင့်တင်သွားကြရန်လိုအပ်ကြောင်းပြောကြားပြီး မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)မှ အဖွဲ့များ၏ တင်ပြချက်များအပေါ်လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပြင်ဦးလွင်ရုံးခွဲ၌ တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများအားသက်သာချောင်ချိရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ခရီးသွားသတင်းအချက်အလက်ကောင်တာ (Information Counter) ကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ပါသည်။

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မန္တလေးမြို့ရှိ နိုင်ငံပိုင်ဟိုတယ်များ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် မေ ၃၀ ရက်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ နိုင်ငံပိုင် ဟိုတယ်များ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေနှင့် မန္တလေးမြို့ ၂၇ လမ်း-၆၈ လမ်းထောင့်နှင့် မန္တလေးဘူတာကြီးတို့တွင် ဖွင့်လှစ်ထားသော သတင်းပြန်ကြားရေးကောင်တာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ပြုပြင်ပြီးစီးသည့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး နှစ်ထပ်ရုံးအဆောက်အအုံကို

MOFA | MMRS v.2 Printed by MYANMAR EMBASSY, SEOUL 20/10/2026 18:15:17

သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ သက်သာချောင်ချိရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ် မရမ်းခြံဆိပ်ကမ်း ၂၆ B လမ်းနှင့် မန္တလေးမြို့ပတ်လမ်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးနှင့် သတင်းပြန်ကြားရေး ကောင်တာအဖြစ် ယာယီဖွင့်လှစ်ထားသော သုံးထပ်ရုံးအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ကျော် ထိုင်းခရီးသွားပြပွဲ-၂၀၂၆ (Thailand Travel Mart Plus – 2026) သို့ ပါဝင်တက်ရောက်

ထိုင်းနိုင်ငံ၊ ချန်ဘူရီမြို့ရှိ NICE Pattaya, Convention & Exhibition Center ၌ ၉-၆-၂၀၂၆ ရက်နေ့မှ ၁၃-၆-၂၀၂၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ထိုင်းခရီးသွားပြပွဲ-၂၀၂၆ (Thailand Travel Mart Plus– 2026) သို့ ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်၍ ကိုယ်စားလှယ်(၂) ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန် မြန်မာနိုင်ငံ ခရီးသွားမြှင့်တင်ရေး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည့် အခမ်းအနားတက်ရောက်

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတကာခရီးသွားဧည့်သည်များ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို အလွယ်တကူရှာဖွေကြည့်ရှုနိုင်စေရန်၊ ၂၄ နာရီပတ်လုံး အချိန်နှင့်တပြေးညီစုံစမ်းမေးမြန်းနိုင်ရန်နှင့် မြန်မာနိုင်ငံသည် ဘေးကင်းလုံခြုံ စိတ်ချစွာလည်ပတ်နိုင်သောခရီးစဉ်တစ်ခုဖြစ်ကြောင်းသိရှိနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေး အမှတ်တရလက်ဆောင်ပစ္စည်းများ စတင်ပေးအပ်သည့်အစီအစဉ်ကို မေလ(၃၀)ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကျင်းပပြုလုပ်ခဲ့ရာအခမ်းအနားကိုရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ ဦးဆောင်၍ တာဝန်ရှိသူများပါဝင်တက်ရောက်ခဲ့ကြပါသည်။

လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ

ဝန်ကြီးဌာနအနေဖြင့်လည်း လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များ(Package Tour)၏ ခရီးစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၄-၅-၂၀၂၂ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း(၃၂,၃၁၉)ဦး မြန်မာနိုင်ငံအတွင်းရှိ ခရီးစဉ်များသို့လာရောက်လည်ပတ်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၃၀-၆-၂၀၂၆) အထိ

စဉ်	လိုင်စင်အမျိုးအစား	(၃၀-၆-၂၀၂၆) ထိ အရေအတွက်
၁	ဟိုတယ်လုပ်ငန်း	၁၈၀၂(လုံး)
		၈၉၇၁၅(ခန်း)
၂	တည်းခိုရိပ်သာလုပ်ငန်း	၇၀၀(လုံး)
		၁၄၃၃၁(ခန်း)
	စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ)	၂၅၀၂(လုံး)
		၁၀၄၀၄၆(ခန်း)
၃	ခရီးလှည့်လည်ရေးလုပ်ငန်း	
	(က) ပြည်တွင်း/ပြည်ဝင်	၃၀၈၁(ခု)
	(ခ) ပြည်ပ	၁၁၁၃(ခု)
၄	ဧည့်လမ်းညွှန်လုပ်ငန်း	၅၆၆၃(ခု)
	(က)ဧည့်လမ်းညွှန်	၃၇၅၂(ခု)
	(ခ) ဒေသဆိုင်ရာဧည့်လမ်းညွှန်	၁၉၁၁(ခု)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးဝို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း

စဉ်	အကြောင်းအရာ	၂၀၂၅ ဧပြီ	၂၀၂၆ ဧပြီ	တိုးတက်မှု	ရာခိုင်နှုန်း
၁	လေကြောင်းဖြင့်ဝင်ရောက်သူများ	၇၁၃၁၂	၇၈၂၁၀	(+)၆၈၉၈	(+) ၁၀%
၂	သင်္ဘောဖြင့်ဝင်ရောက်သူများ	၆၅	၁၃၅	(+) ၇၀	(+) ၈%
၃	နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ	၁၇၄	၂၄၅	(+) ၇၁	(+) ၄၁%
	ဗီဇာဖြင့်ဝင်ရောက်သူပေါင်း	**၇၁၅၅၁**	**၇၈၅၉၀**	**(+)၇၃၃၉**	**(+) ၁၀%**
၄	နယ်စပ်တွင်ဝင်ရောက်သူများ EP,BP,TBP)	၁၆၀၁၉၁	၁၇၆၉၈၀	(+)၁၆၇၈၉	(+) ၁၀%
	စုစုပေါင်း	**၂၃၁၄၂**	**၂၅၅၅၇၀**	(+) ၂၃၈၂	**(+) ၁၀%**

ပြည်တွင်း၊ ပြည်ပခရီးသွားများ၏ တည်းခိုနေထိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်နိုင်ရေးအတွက် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အဆင့်မြှင့်တင်ထားသည့် ဧည့်သည်စာရင်းအချက်အလက်စနစ်(Guest List Information System –GLIS) အား ၁-၃-၂၀၂၆ ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးရှိ ဟိုတယ်၊တည်းခိုရိပ်သာများအားလုံးအသုံးပြုနိုင်ရေးဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများမှ GLIS စနစ်အား အသုံးပြုမည့်ဝန်ထမ်းများအား သင်တန်းပို့ချခြင်းကို (၄-၂-၂၀၂၆)ရက်နေ့နှင့် (၁၀-၂-၂၀၂၆)ရက်နေ့များတွင် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးများမှတစ်ဆင့် မိမိတို့သက်ဆိုင်ရာဒေသရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ ဝန်ထမ်းများကို GLIS စနစ် အသုံးပြုနည်းလမ်းညွှန်သင်တန်း ပြန်လည်ပို့ချနိုင်ရေးအတွက် ရုံးခွဲများမှ(Fronted ပိုင်း)အသုံးပြုမည့် ဝန်ထမ်း In person (၁၄၃) ဦး၊ Online(၃၆)ဦး၊ စုစုပေါင်း (၁၇၀) ဦးကို (၄-၂-၂၀၂၆) ရက်နေ့တွင် လည်းကောင်း၊ (Backendပိုင်း)အသုံးပြုမည့် ဝန်ထမ်း(၆၃)ဦးကို (၁၀-၂-၂၀၂၆) ရက်နေ့တွင် Online ဖြင့်လည်းကောင်း သင်တန်းပို့ချခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ရန်ကုန်ရုံးခွဲမှလည်းညွှန်ကြားရေးမှူး(ရန်ကုန်ရုံး) နှင့် Myanmar Ease Net Co., Ltd ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိများ၊ ဟိုတယ်/တည်းခိုရိပ်သာများမှ တက်ရောက်သူ စုစုပေါင်း(၄၅၅)ဦး ဖြင့် GLIS စနစ်ဆိုင်ရာ ရှင်းလင်းပွဲကို ၂၇-၂-၂၀၂၆ ရက်နေ့တွင် Novotel Hotel (Yangon) ၌ရှင်းလင်းပြောကြားဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေနှင့်အညီ ဖွင့်လှစ်ထားသော ဟိုတယ်နှင့်တည်းခိုရိပ်သာများသာမကစည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များမှ လုပ်ငန်းလိုင်စင်ရယူထားသည့် တည်းခိုခန်းများမှလည်း GLIS စနစ်တွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ် အသုံးပြုမှုအခြေပြဇယား

(၃၀-၆-၂၀၂၆) ရက်နေ့

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	စာရင်းရှိ	မှတ်ပုံတင်ထားသည့်ဟိုတယ်	မှတ်ပုံတင်ရန်ကျန်ရှိသည့် ဟိုတယ်
၁	နေပြည်တော်ပြည်ထောင်စုနယ်မြေ	၁၀၉	၁၀၀	၉
၂	ကချင်ပြည်နယ်	၉၇	၇၀	၂၇
၃	ကယားပြည်နယ်	၃၂	၃	၂၉
၄	ကရင်ပြည်နယ်	၆၅	၆၅	-
၅	ချင်းပြည်နယ်	၁၃	၁၃	-
၆	စစ်ကိုင်းတိုင်းဒေသကြီး	၅၈	၅၆	၂
၇	တနင်္သာရီတိုင်းဒေသကြီး	၆၂	၆၂	-
၈	ပဲခူးတိုင်းဒေသကြီး	၁၀၄	၁၀၄	-
၉	မကွေးတိုင်းဒေသကြီး	၆၁	၆၁	-
၁၀	မန္တလေးတိုင်းဒေသကြီး	၆၁၁	၅၀၄	၁၀၇
၁၁	မွန်ပြည်နယ်	၉၂	၈၅	၇
၁၂	ရခိုင်ပြည်နယ်	၁၀၃	၉၂	၁၁
၁၃	ရန်ကုန်တိုင်းဒေသကြီး	၅၁၃	၄၅၃	၆၀
၁၄	ရှမ်းပြည်နယ်	၄၅၅	၃၈၀	၇၅
၁၅	ဧရာဝတီတိုင်းဒေသကြီး	၁၂၇	၁၁၇	၁၀
စုစုပေါင်း		**၂၅၀၂**	**၂၁၆၅**	**၃၃၇**

လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

ဘာသာစကားသင်တန်း

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှခရီးသည်များပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် စျေးကွက်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်း လုပ်ကိုင်နေကြသူများအား ဘာသာစကားကိုကောင်းမွန်ပြေပြစ်စွာ ရေးသားပြောဆိုဆက်ဆံနိုင်စေရန် ရည်ရွယ်၍ နေပြည်တော်တွင် ၁၉-၅-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ တရုတ်ဘာသာစကား HSK-1 နှင့် HSK-3 သင်တန်း (၁) ကြိမ်ကို သင်တန်းသား (၁၂၂) ဦး၊ ကလောတွင် ၁၀-၆-၂၀၂၆ ရက်နေ့မှ ၃-၇-၂၀၂၆ ရက်နေ့အထိ ရှရှားဘာသာစကား(မွမ်းမံ)သင်တန်း (၁) ကြိမ်ကို သင်တန်းသား (၅၀) ဦးဖြင့် စုစုပေါင်းသင်တန်း (၂) ကြိမ်ကို သင်တန်းသား (၁၇၂) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဧည့်လမ်းညွှန်သင်တန်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအပေါ် ပထမ(၃)လပတ် (ဧပြီလ မှ ဇွန်လ အထိ) အတွင်း အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြီးကြပ်စီစဉ်မှုဖြင့်ကော့သောင်းမြို့တွင် ၂၅-၅-၂၀၂၆ ရက်နေ့မှ ၂၆-၆-၂၀၂၆ ရက်နေ့အထိဒေသဆိုင်ရာဧည့်လမ်းညွှန် (အခြေခံ) သင်တန်းကို သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၇၀) ဦးဖြင့် ဖွင့်လှစ် ခဲ့ပါသည်။

ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြီးကြပ်စီစဉ်မှုဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန (ကျိုင်းတုံ) တွင် ၄-၅-၂၀၂၆ ရက်နေ့မှ ၂၉-၅-၂၀၂၆ ရက်နေ့အထိ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း (၁) ကြိမ်၊ သင်တန်းသား (၃၃) ဦး၊ ကျိုက်ထိုတွင် ၁၁-၅-၂၀၂၆ ရက်နေ့မှ ၂၉-၅-၂၀၂၆ ရက်နေ့အထိ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၃၀) ဦး၊ မြစ်ကြီးနားတွင် ၂၅-၅-၂၀၂၆ ရက်နေ့မှ ၁၉-၆-၂၀၂၆ ရက်နေ့အထိ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း (၁) ကြိမ်၊ သင်တန်းသား (၁၀၀) ဦး၊ တောင်ကြီးတွင် ၂၅-၅-၂၀၂၆ ရက်နေ့မှ ၁၉-၆-၂၀၂၆ ရက်နေ့အထိ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း (၁) ကြိမ်၊ သင်တန်းသား (၇၅) ဦး၊ ကျိုင်းတုံ (CTD)တွင် ၁-၆-၂၀၂၆ ရက်နေ့မှ ၂၆-၆-၂၀၂၆ရက်နေ့အထိ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း(၁)ကြိမ်၊ သင်တန်း သား (၃၀) ဦး၊ နေပြည်တော်တွင် ၉-၆-၂၀၂၆ ရက်နေ့မှ ၇-၇-၂၀၂၆ ရက်နေ့အထိ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၆၀) ဦး၊ ညောင်ရွှေမြို့တွင် ၂၂-၆-၂၀၂၆ ရက်နေ့မှ ၁၇-၇-၂၀၂၆ ရက်နေ့အထိ ဟိုတယ် ဆိုင်ရာဝန်ဆောင်မှုသင်တန်း (၁) ကြိမ်၊ သင်တန်းသား (၇၅) ဦး၊ ရန်ကုန် (CTD) တွင်၂၉-၆-၂၀၂၆ ရက်နေ့မှ ၂၄-၇-၂၀၂၆ ရက်နေ့အထိ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၁၀၀) ဦး၊ စုစုပေါင်း သင်တန်း (၈) ကြိမ်ကို သင်တန်းသား (၅၀၃) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ခရီးသွားနှင့်ဆက်နွယ်သောအခြားသင်တန်းများ

ရန်ကုန်မြို့တွင်အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေးသင်တန်း၊ အပတ်စဉ် (၅) ကို ၄-၅-၂၀၂၆ ရက်နေ့မှ

၈-၅-၂၀၂၆ ရက်နေ့အထိ သင်တန်းသား (၅၀) ဦး၊ အပတ်စဉ် (၆) ကို ၁၁-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ သင်တန်းသား (၅၀) ဦး၊ အပတ်စဉ် (၇)ကို ၁၈-၅-၂၀၂၆ ရက်နေ့မှ ၂၂-၅-၂၀၂၆ ရက်နေ့အထိ သင်တန်းသား (၅၀) ဦး၊ အပတ်စဉ် (၈) ကို ၂၅-၅-၂၀၂၆ ရက်နေ့မှ ၂၉-၅-၂၀၂၆ ရက်နေ့အထိ သင်တန်းသား (၅၀) ဦး၊ အပတ်စဉ် (၉) ကို ၁-၆-၂၀၂၆ ရက်နေ့မှ ၅-၆-၂၀၂၆ ရက်နေ့အထိ သင်တန်းသား(၅၀)ဦး၊ ဟိုတယ်လုပ်ငန်းစီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းအပတ်စဉ် (၁) ကို၁-၆-၂၀၂၆ ရက်နေ့မှ ၁၂-၆-၂၀၂၆ ရက်နေ့အထိ သင်တန်းသား (၅၀) ဦးနှင့် အပတ်စဉ် (၂) ကို ၁၅-၆-၂၀၂၆ ရက်နေ့မှ ၂၆-၆-၂၀၂၆ ရက်နေ့အထိ သင်တန်းသား (၅၀) ဦး ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့တွင် Maintenance and Engineering Service သင်တန်းကို ၆-၂-၂၀၂၆ ရက်နေ့မှ ၂၉-၆-၂၀၂၆ ရက်နေ့အထိ သင်တန်းသား (၄၀) ဦးဖြင့်လည်းကောင်း၊ တရုတ်အစားအစာ ချက်ပြုတ်နည်းသင်တန်းများကို နေပြည်တော်တွင် ၂၉-၆-၂၀၂၆ ရက်နေ့မှ ၃-၇-၂၀၂၆ ရက်နေ့အထိ သင်တန်းသား (၄၀) ဦးနှင့် မန္တလေးမြို့တွင် ၂၉-၆-၂၀၂၆ ရက်နေ့မှ ၃-၇-၂၀၂၆ ရက်နေ့အထိ သင်တန်းသား (၈၃) ဦးဖြင့်လည်းကောင်း၊ စုစုပေါင်း သင်တန်း (၁၀) ကြိမ်ကို သင်တန်းသား (၅၁၃) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

နိုင်ငံအဆင့် အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer) နှင့် အာဆီယံ စစ်ဆေးအကဲဖြတ်သူသင်တန်း (ASEAN National Assessor)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဧနဝါရီလ၊ ဖေဖော်ဝါရီလအထိ နိုင်ငံအဆင့် အာဆီယံ သင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer) သင်တန်း (၂) ကြိမ်ကို သင်တန်းသား (၃၇) ဦးဖြင့်လည်းကောင်း၊ နိုင်ငံအဆင့် အာဆီယံစစ်ဆေးအကဲဖြတ်သူဆရာဖြစ်သင်တန်း (ASEAN National Assessor) သင်တန်း (၁) ကြိမ်ကို သင်တန်းသား (၂၅) ဦးဖြင့် လည်းကောင်း စုစုပေါင်း သင်တန်း (၃) ကြိမ်ကို သင်တန်းသား (၆၂) ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

အသိပညာပေးဆွေးနွေးပွဲများကျင်းပခြင်း

ယဉ်ကျေးမှုအမွေအနှစ်ဖော်ထုတ်မြှင့်တင်ထိန်းသိမ်း၍ ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး အသိပညာပေးဆွေးနွေးပွဲကို ၁၅-၅-၂၀၂၆ ရက်နေ့တွင် သင်တန်းသား (၇၅) ဦး၊ Solar စွမ်းအင်တပ်ဆင်အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ၂၆-၅-၂၀၂၆ ရက်နေ့တွင် သင်တန်းသား (၁၈၀) ဦး၊ စုစုပေါင်း (၂) ကြိမ်ကို သင်တန်းသား (၂၅၅) ဦးဖြင့်ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ဌာနတွင်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ

နေပြည်တော်ရုံးချုပ်တွင် ဌာနတွင်းရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ၁၈-၅-၂၀၂၆ ရက်နေ့မှ ၁၉-၆-၂၀၂၆ ရက်နေ့အထိသင်တန်းသား (၅၈) ဦး၊ ယဉ်ကျေးမှုဆိုင်ရာဗဟုသုတနှင့်ဆက်ဆံရေးအရာရှိ (L.O) သင်တန်းကို ၂၁-၅-၂၀၂၆ ရက်နေ့မှ ၁၁-၆-၂၀၂၆ ရက်နေ့ အထိ သင်တန်းသား (၂၁) ဦး၊ စုစုပေါင်း သင်တန်း (၂) ကြိမ်ကို သင်တန်းသား (၇၉) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

သို့ပါ၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လအထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများတွင် စုစုပေါင်းသင်တန်း (၂၅) ကြိမ်ကို သင်တန်းသား (၁၃၇၂) ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပြီး အသိပညာပေးဆွေးနွေးပွဲ (၂) ကြိမ်ကို (၂၅၅) ဦးဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

(၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြု ခရီးသွား ပြခန်းပါဝင်ပြသခြင်း

ဘယ်လာရုစ်နိုင်ငံ၊ မင့်စ်မြို့တွင် ၉-၄-၂၀၂၆ ရက်နေ့မှ ၁၁-၄-၂၀၂၆ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် (၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်ညီနောင်အသင်းများမှ (၉) စတုရန်းမီတာ အကျယ်ရှိ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းပါဝင် ပြသခဲ့ပါသည်။

Bali & Beyond Travel Fair (BBTF) 2026 တွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်း ပါဝင်ပြသခြင်း

အင်ဒိုနီးရှားနိုင်ငံ၊ နူဆာဒူအာမြို့တွင် ၂၈-၅-၂၀၂၆ ရက်နေ့မှ ၃၀-၅-၂၀၂၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် Bali & Beyond Travel Fair (BBTF) 2026 သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ အသင်းဝင်များဖြစ်သော ခရီးသွားလုပ်ငန်း ကုမ္ပဏီ (၇)ခုမှ Buyer အဖြစ် ကိုယ်စားလှယ်(၈)ဦးတို့ပါဝင်တက်ရောက်ခဲ့ကြပါသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို ၂၉-၅-၂၀၂၆ ရက်နေ့တွင် ကော့သောင်းမြို့ Honey Bear Hotel ၌ လည်းကောင်း၊ ၅-၆-၂၀၂၆ ရက်နေ့တွင် မော်လမြိုင်မြို့ Strand Hotel ၌ လည်းကောင်း၊ ၁၂-၆-၂၀၂၆ရက်နေ့တွင် တောင်ကြီးမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနခွဲလည်းကောင်း အသီးသီးကျင်းပပြုလုပ်ခဲ့ပါသည်။

နည်းပညာသုံးခရီးသွားမြှင့်တင်ခြင်း

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားမြှင့်တင်ရေးဌာနခွဲမှ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအတွက် ခရီးစဉ်ဒေသများ၏ သတင်းအချက်အလက်များကို ခရီးသွားဧည့်သည်များ အလွယ်တကူ ပိုမိုသိရှိနိုင်စေရန် Online Paid Marketing လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး Social Media Platforms များဖြစ်သော Facebook, Instagram, Pinterest, Twitter, Viber, Telegram, Email-Marketing, TikTok, YouTube တို့၌ နေ့စဉ်ခရီးစဉ်ဒေသဆိုင်ရာ Post များ၊ Video များကို လွှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ၌ ၂၇-၆-၂၀၂၆ ရက် နေ့မှ ၂၈-၆-၂၀၂၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော World MSME Day (2026) အထိမ်းအမှတ် MSMEs ထုတ်ကုန်ပြပွဲတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ခရီးသွားမြှင့်တင်ရေးဌာနခွဲမှ ဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွင် ခရီးသွားမြှင့်တင်ရေးဆိုင်ရာလက်ကမ်းစာစောင်များ၊ ယဉ်ကျေးမှုဆိုင်ရာစာအုပ်စာပေများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ခရီးစဉ်ဒေသဆိုင်ရာ Virtual Reality Tour Website နှင့် Application များ ခင်းကျင်းပြသခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးအတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဦးဆောင်၍ ဒေသဆိုင်ရာခရီးသွားကော်မတီဝင်များ၊ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာညီနောင်အသင်းများမှကိုယ်စားလှယ်များ၊ တိုင်းတာဝန်ခံနှင့် ဒုတာဝန်ခံတို့ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး၌ ဝန်ကြီးမှ ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ရက်(၁၀၀) စီမံချက်ဆောင်ရွက်လျက်ရှိရာ၊ ယခုစီမံချက် ပြီးပါက နောက်ထပ်ရက်(၁၀၀)အတွက် ပြင်ဆင်သွားရမှာဖြစ်ကြောင်း၊ ခရီးသွား လုပ်ငန်းသည် ကျယ်ပြန့်သဖြင့် ဌာနပေါင်းစုံမှပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အချို့လုပ်ငန်းများသည် ဌာနဆိုင်ရာဆောင်ရွက်မရသည့် လုပ်ငန်း များအား အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက် ရမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ၫင်းနောက် အစည်းအဝေးတက်ရောက်လာသူများမှ အသီးသီးမိတ်ဆက် ဆွေးနွေးတင်ပြကြရာ ဝန်ကြီးမှလိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးနေမင်းထွန်း အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေးသင်တန်းအပတ်စဉ် (၅)သင်တန်းဖွင့်ပွဲ အခမ်းအနား တက်ရောက်ခြင်းနှင့် ဟိုတယ်လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ရေး သင်တန်းအပတ်စဉ် (၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းစနစ်တကျ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေး၊ ဝန်ဆောင်မှု အဆင့်အတန်းများ ကောင်းမွန်လာစေရေးနှင့် လူစွမ်းအားအရင်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်းသည် ဇွန်လ (၁) ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ဗိုလ်ဆွန်ပက်လမ်း၊ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတွင် အစားသောက်ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေးသင်တန်း အပတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ခဲ့ပါသည်။အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ် နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား/ သင်တန်းသူများ တက်ရောက်ကြပါသည်။

ဦးစွာ ဝန်ကြီးကပြောကြားရာ၌ အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးအချက်အချာဖြစ်သကဲ့သို့ နိုင်ငံတကာခရီးသွားတွေ ပထမဆုံးဝင်ရောက်ရာ အဓိကတံခါးပေါက်လည်း ဖြစ်ပါကြောင်း၊ ဒါကြောင့်မြို့တော်၏ ပုံရိပ်ကိုမြှင့်တင်ရာတွင် အစားအသောက် ထုတ်လုပ်ရောင်းချသူများ၏ သန့်ရှင်းမှုနှင့် ဝန်ဆောင်မှုအပိုင်းသည် အလွန် အရေးကြီးသည့် အခန်းကဏ္ဍကပါဝင်ကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူဆိုင်ရှင်များအနေနှင့် အစားအသောက်များကို ကိုင်တွယ် ချက်ပြုတ်သည့်နေရာတွင် ဘေးကင်းလုံခြုံ စိတ်ချရသည့်နည်းလမ်းများနှင့် သန့်ရှင်းရေးစံနှုန်းတွေကို စနစ်တကျလိုက်နာဖို့ အထူးလိုအပ်ပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှသင်ကြားပို့ချသော နည်းပညာများကို စနစ်တကျ လေ့လာမှတ်သားခြင်းဖြင့် စားသုံးသူခရီးသွား ပြည်သူများကို အန္တရာယ်ကင်းရှင်းပြီး အဆင့်မြင့်မားသည့် ဝန်ဆောင်မှု အရည်အသွေးများပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းပြောကြားခဲ့ပါသည်။

ယခုဖွင့်လှစ်သည့်အစားအသောက်ဘေးကင်းလုံခြုံရေးနှင့်ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေးသင်တန်း အပတ်စဉ် (၅)အား သင်တန်းသား (၅၀) ဦးတက်ရောက်ကြပြီး သင်တန်းကာလ (၅) ရက်ကြာ သင်ကြား ပို့ချသွားမည် ဖြစ်ပါသည်။

ဆက်လက်ပြီး ဝန်ကြီးသည် Vintage Luxury Yacht Hotel သို့ သွားရောက် ပြီးဟိုတယ်လုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးကာ ဟိုတယ်တာဝန် ရှိသူများနှင့်တွေ့ဆုံ၍ ဟိုတယ်သို့လာရောက်တည်းခိုနေထိုင်ကြသည့်ပြည်တွင်း /ပြည်ပ ဧည့်သည်များ၏ တည်းခိုနေထိုင်မှုစာရင်းကို နေ့စဉ်ဧည့်သည်စာရင်း အချက်အလက်စနစ် (Guest List Information System-GLIS) တွင်ပုံမှန် ဖြည့်သွင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဟိုတယ်မှထွက်ရှိသည့် အမှိုက်များ နှင့် ရေဆိုးရေညစ်များအား စနစ်တကျ စွန့်ပစ်ရေး၊ ပတ်ဝန်းကျင်အမှိုက်များ ကင်းစင်ရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကိုအထူး ဂရုစိုက်ရန် မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ဝန်ကြီးသည်နေ့လည်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီးဟိုတယ် နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ ကာ ရုံးအဆောက်အဦ ပြင်ဆင်မွမ်းမံဆောင်ရွက်နိုင်ရေး လှည့်လည်ကြည့်ရှု စစ်ဆေးပြီးနောက် အဆောက်အဦအားပြန်လည် မွမ်းမံနိုင်ရေးအတွက် ကုန်ကျ စရိတ်အား စနစ်တကျ တွက်ချက်တင်ပြရန်မှာကြားခဲ့ပါသည်။

ၫင်းနောက် ဝန်ကြီးသည် ရန်ကုန်မြို့၊ ဗိုလ်ဆွန်ပက်လမ်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတွင် ဟိုတယ်လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု စွမ်းရည်မြှင့်တင်ရေးသင်တန်း အပတ်စဉ် (၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းတိုးတက် အောင်မြင်ရန်တွက်ခိုင်မာသည့်အခြေခံအဆောက်အအုံများရှိရုံနှင့် မလုံလောက် ပါကြောင်း၊ အဓိကအကျဆုံးသည် ရေရှည်တည်တံ့ပြီး အရည်အသွေး ပြည့်ဝတဲ့ "လူသားအရင်းအမြစ် (Human Resources)" ဖြစ်ပါကြောင်း၊ လုပ်ငန်းတစ်ခု အောင်မြင်ဖို့ စီမံခန့်ခွဲမှု စနစ်ကောင်းမွန်ရမှာဖြစ်ပါကြောင်း၊ အဲဒီစီမံခန့်ခွဲမှု စနစ်ကို မောင်းနှင်နိုင်ရန် အမြော်အမြင်ရှိပြီးထိရောက်သည့် 'ခေါင်းဆောင်မှု စွမ်းရည်' ရှိဖို့လိုအပ်ပါကြောင်း၊ ထက်မြက်သည့် ခေါင်းဆောင်ကောင်းတစ်ဦး သည် မိမိ၏အဖွဲ့အစည်းကို မှန်ကန်သည့် လမ်းကြောင်းပေါ် ပို့ဆောင်ပေးနိုင် ရုံတင်မကဘဲ ဝန်ထမ်းတွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည်ကိုပါ မြှင့်တင်ပေးနိုင်ပြီး လုပ်ငန်းခွင်ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ပါကြောင်း၊ မိမိတို့၏လက်အောက် ငယ်သားများကိုမှန်ကန်စွာလမ်းညွှန်ပြသနိုင်ပြီးပြဿနာများကိုအမြော်အမြင် ရှိရှိဖြေရှင်းနိုင်မည့် စွမ်းရည်များမြှင့်တက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယခုဖွင့်လှစ်သည့် ဟိုတယ်လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု စွမ်းရည်မြှင့်တင်ရေးသင်တန်း အပတ်စဉ်(၁)အား သင်တန်းသား (၅၅) ဦးတက်ရောက်ကြပြီး သင်တန်းကာလ(၁၀) ရက်ကြာ သင်ကြားပို့ချသွားမည် ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးမြို့၌ တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်း ဖွင့်လှစ်

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ Kunming Vocational University of Science and Technology နှင့် ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းတို့ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့်ဖွင့်လှစ်သည့် တရုတ်တွင် မန္တလေးမြို့ရှိ ကြင်းတော်ယန်တရုတ်ဘုံကျောင်း၌ ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း(FITC)ဥက္ကဋ္ဌ ဦးအိုက်စန်းက သင်တန်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ ထို့နောက် သင်တန်းနည်းပြဆရာ(၂) ဦးအား (FITC) ဥက္ကဋ္ဌ နှင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌတို့က အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီးနောက် တာဝန်ရှိသူများနှင့် သင်တန်းသား/သူများက အမှတ်တရဓါတ်ပုံများ ရိုက်ကူးခဲ့ကြပါသည်။ အဆိုပါသင်တန်းကို ၂၉-၆-၂၀၂၆ ရက်နေ့မှ ၄-၇-၂၀၂၆ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ဟင်းလျာ(၂၆)မျိုး ချက်ပြုတ်နည်းများနှင့် အာဟာရတန်ဘိုးများကို တရုတ်နိုင်ငံ Kunming Vocational University of Science and Technology မှ စားဖိုမှူးများက သင်ကြားပြသခဲ့ကြောင်းနှင့် သင်တန်းသား/သူ (၈၂)ဦး တက်ရောက် အောင်မြင်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မကွေးဇုန်) တွေ့ဆုံပွဲအခမ်းအနား

မကွေးမြို့၊ မြို့နယ်စုပေါင်းရုံးခန်းမ၌ ၃၁-၅-၂၀၂၆ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မကွေးဇုန်)မှ လုပ်ငန်းရှင်များ၊ မန်နေဂျာများနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် တွေ့ဆုံပွဲအခမ်းအနား၌ မကွေး-မင်းဘူး-တောင်တွင်းကြီး-အောင်လံ-ရေနံချောင်းရှိ လုပ်ငန်းရှင်၊ မန်နေဂျာ (၃၄) ဦး တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌမှ အမှာစကားများ ပြောကြားခဲ့ပါသည်။ ထို့နောက်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးမှ ဌာနတွင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပြီး ၂၀၂၅ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုအခြေအနေတို့ကို ပြောကြားခဲ့ပါသည်။ အထွေထွေဆွေးနွေးခြင်း အစီအစဉ်၌ မြန်မာနိုင်ငံဟိုတယ် ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မကွေးဇုန်) ဥက္ကဋ္ဌ နှင့် ဟိုတယ်ပိုင်ရှင် ၊ မန်နေဂျာများမှ လျှပ်စစ်မီးရရှိရေး၊ စက်သုံးဆီကိစ္စ၊ အခွန်ကိစ္စများနှင့် ပွဲမိန့်ကိစ္စများကို အသီးသီးဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားအား အခမ်းအနားအစီအစဉ်(၇)ခုဖြင့် ကျင်းပခဲ့ပြီး နေ့လယ် (၁၂:၃၀) နာရီ တွင် အခမ်းအနားအား ရုတ်သိမ်းခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များ၊မန်နေဂျာများနှင့် ရီးသွားလုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ညှိနှိုင်း အစည်းအဝေးကျင်းပ

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး ညွှန်ကြားရေးမှူး ဦးမြင့်စိန်မှ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မကွေးဇုန်) ဥက္ကဋ္ဌနှင့် ဟိုတယ်လုပ်ငန်းရှင် များအားတွေ့ဆုံပွဲကို ၂၃-၆-၂၀၂၆ ရက်နေ့ နံနက်ပိုင်းတွင် မကွေးမြို့ Sarzi Palace Hotel အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဦးစွာ ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးချုပ်၏ လမ်းညွှန်မှု အရလုပ်ငန်းရှင်များ၊ မန်နေဂျာများနှင့် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဟာ ကိုဗစ်-၁၉ မတိုင်မီ ကာလမှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးစဉ်ဒေသများထဲတွင် မကွေးတိုင်းဒေသကြီးလည်း တစ်ခုအပါအဝင်ဖြစ်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ လက်ရှိ မိမိတို့တိုင်းဒေသကြီးက နိုင်ငံခြားသားခရီးသွားထက် ပြည်တွင်းခရီးသွားဧည့်သည်များသာ အဓိက လာရောက်လည်ပတ်သည့်နေရာတစ်ခုဖြစ်ပါကြောင်း၊ မကွေးတိုင်းအတွင်းရှိထင်ရှားတဲ့တန်ခိုးကြီးဘုရားများ အထူးသဖြင့် ရွှေစက်တော်ကို အခြေပြု၍ အလည်အပတ်လာခြင်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် လာရောက်လည်ပတ်ခြင်းနှင့် တက္ကသိုလ်/ ကောလိပ်များကို အခြေပြု၍ခရီးသွားဧည့်သည်များလာရောက်ခြင်းတို့ကြောင့် ပြည်တွင်းခရီးသွားဧည့်သည်များပြားခြင်းသာဖြစ်ကြောင်း၊ ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းဆိုတာဝန်ဆောင်မှုပေးရတဲ့ လုပ်ငန်းမျိုးဖြစ်တဲ့အတွက် ပြည်သူများနှင့် ဆက်ဆံတဲ့ အခါအဆင်ပြေချောမွေ့စွာ ဆက်ဆံသင့်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း

လိုက်နာဆောင်ရွက်သင့်ပါကြောင်း၊ အစိုးရ/ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့တိုင်း၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်း (မကွေးဇုန်) ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များအသီးသီးကလည်း ဆွေးနွေးခဲ့ကြပြီးအခမ်းအနားသို့စုစုပေါင်း(၅၀)ဦးတက်ရောက်ခဲ့ပါသည်။

ရှမ်းပြည်နယ်

ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၃မျိုး)ဖွင့်လှစ်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေတို့ဖြင့် လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအဖြစ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း (၃) မျိုး အား ၂၅-၅-၂၀၂၆ ရက်နေ့မှ ၁၉-၆-၂၀၂၆ ရက်နေ့အထိ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ၊ ကျား (၄၁)ဦး၊ မ(၅၅)ဦး၊ ပေါင်း(၉၆)ဦးတက်ရောက်ခဲ့ကြပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့တွင်ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား(မွမ်းမံ) သင်တန်းအား ၁၀-၆-၂၀၂၆ ရက်နေ့မှ ၃-၇-၂၀၂၆ ရက်နေ့အထိဖွင့်လှစ်ပို့ချပေးခဲ့ပြီး သင်တန်းသား ၊ သင်တန်းသူ၊ ကျား (၁၄)ဦး၊ မ(၂၁) ဦး၊ ပေါင်း(၃၅)ဦး တက်ရောက်ခဲ့ကြပါသည်။

ရှမ်းပြည်နယ်၊ (တောင်ပိုင်း)ညောင်ရွှေမြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း (၃) မျိုးအား ၂၂-၆-၂၀၂၆ ရက်နေ့မှ ၁၇-၇-၂၀၂၆ ရက်နေ့အထိ ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ၊ ကျား(၂၇)ဦး၊မ(၄၈)ဦး၊ ပေါင်း(၇၅)ဦး တက်ရောက်လျက်ရှိပါသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင်ဧည့်ကြိုဝန်ဆောင်မှု သင်တန်းအား ၄-၅-၂၀၂၆ ရက်နေ့မှ ၂၉-၅-၂၀၂၆ ရက်နေ့အထိ သင်တန်းသား၊ သင်တန်းသူ (၃၃)ဦးဖြင့် လည်းကောင်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးဝန်ဆောင်မှုသင်တန်းအား ၁-၆-၂၀၂၆ ရက်နေ့မှ ၂၆-၆-၂၀၂၆ ရက်နေ့ အထိ သင်တန်းသား၊ သင်တန်းသူ (၄၃)ဦး ဖြင့်လည်းကောင်းဖွင့်လှစ်ပို့ချခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပပြုလုပ်မှု

ဧရာဝတီတိုင်းဒေသကြီး၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို (၂၈-၅-၂၀၂၆) ရက်နေ့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစည်းအဝေးခန်းမ(၁)တွင် ကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဦးအေးကျော် တက်ရောက်၍ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြလာသည့်ကိစ္စများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

အစည်းအဝေးတွင်ကော်မတီအတွင်းရေးမှူးမှ ကော်မတီဝင်များနှင့်မိတ်ဆက်တင်ပြခြင်း၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီများဖွဲ့စည်းထားရှိမှုအခြေအနေနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များအားရှင်းလင်းတင်ပြခြင်း၊ ဟိုတယ်တိုးချဲ့ဆောက်လုပ်ခွင့်တင်ပြလာမှုအားရှင်းလင်းတင်ပြခြင်း၊ သက်တမ်းတိုးဆောင်ရွက်ခဲ့သည့် ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းများအား အစည်းအဝေးမှ အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန်နှင့်သက်တမ်းတိုးထပ်မံတင်ပြလာသည့် ဟိုတယ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံမှန်သက်တမ်းတိုး ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြခြင်း၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတွင်ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်မှ တင်ပြမည့် Power Point အား တင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော Myanmar Tourism Call Center ၊ Official Website နှင့် Social Media Channel များ

www.tourism.gov.mm
www.tourisminmyanmar.com.mm

Ministry of Hotels, Tourism and Culture

Myanmar Tourism Daily

Myanmar Tourism Daily

Ministry of Hotels, Tourism and Culture

Myanmar Tourism Call Center
(1551 , +959 881 881 222)